မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ခတက်ချဉ်ကျေးရွာအုပ်စု ရဲဘက်ကျေးရွာနေ တောင်သူများသည် သိမ်းဆည်းထားသော လယ်မြေများမှာ ၎င်းတို့ တောထွင်ရှင်းလင်းလုပ်ကိုင်လာသော လယ်ယာမြေဖြစ်ပြီး စိုက်ကွင်းပိုင်မြေမဟုတ်ဘဲ ကျေးရွာလယ်/စီအဖွဲ့ နှင့် မြို့နယ်လယ်/စီအဖွဲ့တို့မှ တစ်ဖက်သတ်ဆုံးဖြတ်ထားသည့်အပေါ် နစ်နာမှုရှိနေပါ၍ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိရေးအတွက် ပြည်ထောင်စုဝန်ကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန နေပြည်တော်၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ နေပြည်တော်၊ တို့ကို တင်ပြထားသည်။

တောင်သူလယ်သမားများသည် စဉ့်ကူးမြို့နယ်၊ ရောဂတီမြစ်ဘေးရှိ မြေနုကျွန်းအရပ် ကျေးရွာများမှ ရေတိုက်စားကမ်းပါပြိုပြီး လုပ်ကိုင်စားသောက်ရန် အခက်ခဲရှိ၍ ခတက်ချဉ်ကျေးရွာ အရှေ့ဘက် ရဲဘက်ကျေးရွာသို့ ပြောင်းရွှေ့လာကာအလယ်ယာလုပ်ကိုင်ရန်အတွက်တောများကို ခွန်အားသုံး ရှင်းလင်းပြီး (၁၉၉၅/၉၆) ခုနှစ်စမှစ၍ လုပ်ကိုင်ခဲ့သော လယ်ယာမြေများဖြစ်ပြီး ကေ(၃၀၀) ကျော်ခန့်ရှိကာ (၂၀၁၁)တွင် ဂရိတ်ဝေါလ် ကုမ္ပဏီသည် ခတက်ချဉ်အစိုးရပိုင် စိုက်ကွင်းမြေများနှင့် စိုက်ကွင်းနှင့် ဆက်စပ်မှုရှိနေသော တောင်သူများ၏လယ်များအပါအဝင် စုစုပေါင်း (၂၅၀၀)ကေ ကို သိမ်းဆည်းခဲ့ခြင်းကြောင့် စားဝတ်နေရေး မပြေလည်မှုနှင့် ဒုက္ခအမျိုးမျိုးရောက်ရှိနေသဖြင့် အမှန်တကယ်လုပ်ကိုင်စားသောက်သော တောင်သူများကို လုပ်ပိုင်ခွင့် ပုံစံ(၇)ချပေးရန် တောင်းဆိုခြင်းဖြစ်သည်။